-

ကုမ္ပဏီအမည် - ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်
(Shwe Wah Yaung Agriculture Production Company Limited)

လုပ်ငန်း - ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၁၂-၁-၂၀၁၆		
၂	PAT တင်ပြခြင်း	၁၈-၁-၂၀၁၆		
၃	PAT လက်ခံကြောင်းပြန်ကြားခြင်း	၂၂-၁-၂၀၁၆		
၄	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး	၄-၂-၂၀၁၆		
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၄-၂-၂၀၁၆		
	(ဂ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	၄-၂-၂၀၁၆	၁၇-၂-၂၀၁၆	
	(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	၄-၂-၂၀၁၆	၁၈-၂-၂၀၁၆	
	(င) စက်မှုဝန်ကြီးဌာန	၄-၂-၂၀၁၆	၁၅-၂-၂၀၁၆	
၅	ကုမ္ပဏီမှ ပြင်ဆင်ချက်			
၆	အဆိုပြုလုပ်ငန်းအားမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခြင်း			
	စုစုပေါင်းကြာမြင့်ချိန်	၇၂ ရက်		

ကုမ္ပဏီအမည်	-	ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Shwe Wah Yaung Agriculture Production Company Limited)
အဖွဲ့အစည်းပုံသဏ္ဍာန်	-	ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	ဆန်စပါးအခြေခံ တန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
တည်နေရာ	-	အမှတ်-(၄၆၅-က)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၂၅)၊ရွှေလင်ပန်းစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၁၅၇၃.၇၆၀ သန်း(US$ ၀.၆၇၈သန်း အပါအဝင်)
ရောင်းချမည့်စနစ်	-	ပြည်တွင်း-၂၀ % ပြည်ပ -၈၀ %
လုပ်ငန်းသက်တမ်း	-	ကနဦး ၅၀ နှစ် နှင့် နောက်ထပ် (၁၀) နှစ် သက်တမ်းတိုးနှစ်ကြိမ်
အရင်းကြေကာလ	-	၆ နှစ် ၇ လ
IRR	-	၂၂.၃၈ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၂.၁၆၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၄၁.၂၄ သန်း	
၄	ဝင်ငွေခွန်	ကျပ် ၃၆၀၇.၅၀၆ သန်း	ကျပ် ၉၅၄၈.၁၄ သန်း
၅	ရေ၊ လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၁၀၅.၄၁ သန်း
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်းနှစ်ဆယ် ထက်ကျော်ပါကအခွန်ဆေးရမည့်ဝန်ထမ်း (၅၅)ဦး
၇	CSR (၂ %)		ကျပ် ၄၀၂.၈၃ သန်း
၈	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၅၅ ဦး ပြည်တွင်းလုပ်သား(၅၅)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေပါသည်။
		ကျပ် ၃၆၅၀.၉၀၆သန်း	ကျပ် ၁၀၁၅၇.၅၄၅ သန်း
	Cost & Benefit	၁ : ၃	

အကြောင်းအရာ။ Shwe Wah Yaung Agriculture Production Company Limited မှ ဆန်စပါးအခြေခံ တန်ဖိုးမြင့် ဆန်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စ

၁။	ကုမ္ပဏီအမည်	- ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Shwe Wah Yaung Agriculture Production Company Limited)
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးလူမော်မြင့်မောင်(အဘ-ဦးမြင့်မောင်) (အုပ်ချုပ်မှုဒါရိုက်တာ)
၃။	အဖွဲ့အစည်းပုံသဏ္ဍာန်	- ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
၄။	လုပ်ငန်းအမျိုးအစား	- ဆန်စပါးအခြေခံတန်ဖိုးမြင့် ဆန်ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း
၅။	မြေပိုင်ရှင်	- ဦးလူမော်မြင့်မောင်၊ဒေါ်မော်မော်တင့်
	လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း	- မြေကွက်အမှတ်-(၄၆၅-က)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၂၅)၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ - မြေဧရိယာ ၅.၂ ဧက အနက်မှ ၂.၁၂ဧက(၈၅၇၉.၃၄စတုရန်းမီတာ)
	မြေငှားသက်တမ်း	- ကနဦး (၅၀)နှစ် နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်
	တည်ဆောက်မှုကာလ	- ၂ နှစ်
	မြေနှင့်အဆောက်အဦငှားရန်းခနှုန်း	- (၁) နှစ်လျှင် ကျပ် ၅၄.၀၀၀ သန်း
	လုပ်ငန်းသက်တမ်း	- ကနဦး (၅၀)နှစ်နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ကြိမ်
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- ကျပ် ၁၅၇၃.၇၆၀ သန်း(US$ ၀.၆၇၈သန်း အပါအဝင်)

ထည့်ဝင်မှုအမျိုးအစား	ကျပ် (သန်းပေါင်း)	US$ (သန်းပေါင်း)	ညီမျှသောကျပ် (သန်းပေါင်း)
- ငွေပမာဏ	၅၀.၀၀	-	၅၀.၀၀
- စက်ပစ္စည်းကိရိယာတန်ဖိုး	-	၀.၄၄၃	၅၃၀.၄၂
- စက်တပ်ဆင်မည့်ကုန်ကျစရိတ်	၁၅၂.၀၀	-	၁၅၂.၀၀
- လျှပ်စစ်ပစ္စည်းများတန်ဖိုး	-	၀.၀၈၆	၁၀၃.၂၀
- အဆောက်အဦတန်ဖိုး	၅၀၀.၀၀	-	၅၀၀.၀၀
- ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ	၄၆.၉၄	-	၄၆.၉၄
- အခြား	-	၀.၁၅၀	၁၉၀.၂၀
စုစုပေါင်း	၇၄၈.၉၄	၀.၆၈၇	၁၅၇၃.၇၆

၇။	ဝန်ထမ်းအင်အား(စုစုပေါင်း)	- ၅၅ ဦး		
	ဝန်ထမ်းအင်အား(ပြည်တွင်း)	- ၅၅ဦး(ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံး လစာမှာ ၁၂၀,၀၀၀ဖြစ်ပြီးအမြင့်ဆုံးလစာမှာ ၃၀၀,၀၀၀ဖြစ်ပါသည်။		
၈။	ရောင်းချမည့်စနစ်	- ပြည်ပ ၈၀% ပြည်တွင်း ၂၀%		
	နှစ်စဉ်ပုံမှန်နှစ် ထုတ်လုပ်မှု (၆)နှစ်မြောက်	စဉ် အမည်	ထုတ်လုပ်မှု (MT)	ရောင်းဈေးနှုန်း US$ /MT
	ပြည်ပ-၈၀%	၁။ White Rice (High Grade)	၆၈,၂၅၀	၄၇၅
		၂။ White Rice (Low Grade)	၅၇,၇၅၀	၃၆၅
		၃။ Parboiled Rice	၈,၄၀၀	၄၇၅
		၄။ Broken Rice	၂၈,၃၅၀	၃၂၀
		စဉ် အမည်	ထုတ်လုပ်မှု (MT)	ရောင်းဈေးနှုန်း ကျပ်/MT
	ပြည်တွင်း-၂၀%	၁။ White Rice (High Grade)	၁၇,၀၆၃	၃၅၀,၀၀၀
		၂။ White Rice (Low Grade)	၁၄,၄၃၈	၂၉၀,၀၀၀
		၃။ Parboiled Rice	၂,၁၀၀	၄၂၀,၀၀၀
	ပြည်တွင်း-၁၀၀%	၄။ Broken Rice	၇,၀၈၈	၂၂၅,၀၀၀
		၅။ Broken (By Product B12)	၁၅၇၅၀	၁၉၈,၀၀
		၆။ Broken (By Product B234)	၁၀၈၉၄	၁၉၈,၀၀
		၇။ Bran	၁၅၇၅၀	၉၆,၀၀၀

၉။	ကုမ္ပဏီ၏ဝင်ငွေ (၆နှစ်မြောက်)	- ကျပ် ၉၈၂၉၄.၃၀၀ သန်း
	အသုံးစရိတ်	- ကျပ် ၉၆၄၂၉.၈၅၇ သန်း
	အသားတင်အမြတ်	- ကျပ် ၂၈၆၄.၄၄၃ သန်း
၁၀။	နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် (၆)နှစ်မြောက် ဝင်ငွေခွန်	- ကျပ် ၉၅၄.၈၁၄ သန်း
၁၁။	အရင်းကြေကာလ	- ၆ နှစ် ၇ လ
၁၂။	ရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၂.၃၈ %
၁၃။	လျှပ်စစ်ဓါတ်အားလိုအပ်ချက်	- တစ်နှစ်လျှင် ၁,၅၆၀,၀၀၀kWh
၁၄။	ငွေကြေးအထောက်အထား	- မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် အမည်ဖြင့်(၃၀-၁၂-၂၀၁၅)ရက်နေ့ဖြင့် US$ ၁၈၅,၂၃၇.၅၉ ရှိကြောင်း တင်ပြထားပါသည်။
၁၅။	အခြားတင်ပြချက်	- ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် နှင့် ဦးလူမော်မြင့်မောင်၊ဒေါ်မော်မော်တင့် တို့၏ အမှတ်(၄၆၅-က)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ရွှေလင်ပန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အကြား ချုပ်ဆိုသည့် ငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆိုထား သည့် စာချုပ်မူကြမ်းအား တင်ပြ ထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက - ၂/ မ- ၂၂၉/ ၂၀၁၆ (၆၆၈)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် မတ်လ၂၄ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Shaw Wah Yaung Agriculture Production Company Limited.) မှ ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြလာခြင်း ကိစ္စ**

၁။ ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Shwe Wah Yaung Agriculture Production Company Limited) သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ အမှတ်(၄၆၅-က)၊ မြေဧရိယာ ၅.၂ ဧကအနက် မှ (၂.၁၂) ဧကတွင် ဆန်စပါး အခြေခံ တန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးလူမော်မြင့်မောင်(အဘ-ဦးမြင့်မောင်) မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် နှင့် ဦးလူမော်မြင့်မောင်၊ ဒေါ်မော်မော်တင့် တို့၏ အမှတ်(၄၆၅-က)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၂၅)၊ ရွှေလင်ပန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အကြား ချုပ်ဆိုသည့် ငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆိုထား သည့် စာချုပ်မူကြမ်းအား တင်ပြ ထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာမှာ ၅.၂ ဧကအနက် မှ (၂.၁၂) ဧက ဖြစ်ပြီး မြေနှင့် အဆောက်အဦ ငှားရမ်းခမှာ တစ်နှစ်လျှင် ကျပ်၅၄.၀၀သန်းဖြစ်ပါသည်။ မြေနှင့် အဆောက် အဦ ငှားရမ်းသက်တမ်းမှာ ကနဦး ၅၀ နှစ် နှင့် ၁၀နှစ် နှစ်ကြိမ် သက်တမ်းတိုးမည် ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်း ကာလမှာ ကနဦး ၅၀ နှစ်နှင့် သက်တမ်းတိုး ၁၀နှစ် နှစ်ကြိမ် ဖြစ်ပြီး၊ တည်ဆောက်ရေးကာလ ၂နှစ် ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၀.၆၈၇ သန်း အပါအဝင် ကျပ် ၁၅၇၃.၇၆ သန်း ဖြစ်ပြီး အောက်ပါအတိုင်းထည့်ဝင်ထားပါသည်-

		ကျပ် (သန်းပေါင်း)	US$ (သန်းပေါင်း)	ညီမျှသော ကျပ်(သန်းပေါင်း)
(က)	ငွေပမာဏ	၅၀.၀၀		၅၀.၀၀
(ခ)	စက်ပစ္စည်းတန်ဖိုး	-	၀.၄၄၃	၅၃၀.၄၂
(ဂ)	စက်တပ်ဆင်မည့်ကုန်ကျစရိတ်	၁၅၂.၀၀	-	၁၅၂.၀၀
(ဃ)	လျှပ်စစ်ပစ္စည်းများတန်ဖိုး	-	၀.၀၈၆	၁၀၃.၂၀
(င)	အဆောက်အဦတန်ဖိုး	၅၀၀.၀၀	-	၅၀၀.၀၀
(စ)	ပရိဘောဂတန်ဖိုး	၄၆.၉၄	-	၄၆.၉၄
(ဆ)	အခြား	-	၀.၁၅၉	၁၉၀.၂၀
	စုစုပေါင်းထည့်ဝင်ရင်းနှီးငွေ	၇၄၈.၉၄	၀.၆၈၇	၁၅၇၃.၇၆

* Exchange Rate အနေဖြင့် US$1 = ၁၂၀၀ကျပ် ဖြင့် ဖော်ပြထားပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ရန် စုစုပေါင်းဝန်ထမ်းဦးရေ (၅၅)ဦးခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းဦးရေ (၅၅) ဦး၏ အနိမ့်ဆုံး လစာမှာ ၁၂၀,၀၀၀ ကျပ်နှင့် အမြင့်ဆုံး လစာမှာ ၃၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။ ပြည်ပဝန်ထမ်းခန့်ထားခြင်းမရှိကြောင်း တင်ပြထားပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထုတ်ကုန်များကို ပြည်တွင်းတွင်(၂၀%)နှင့် ပြည်ပတွင်(၈၀%) ရောင်းချမည် ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း၏ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) ရှိထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပြည်ပ-၈၀%

စဉ်	အမည်	ထုတ်လုပ်မှု (MT)	ရောင်းဈေးနှုန်း US$ /MT
(က)	White Rice (High Grade)	၆၈,၂၅၀	၄၇၅
(ခ)	White Rice (Low Grade)	၅၇,၇၅၀	၃၆၅
(ဂ)	Parboiled Rice	၈,၄၀၀	၄၇၅
(ဃ)	Broken Rice	၂၈,၃၅၀	၃၂၀

ပြည်တွင်း-၂၀%

စဉ်	အမည်	ထုတ်လုပ်မှု (MT)	ရောင်းဈေးနှုန်း ကျပ်/MT
(က)	White Rice (High Grade)	၁၇,၀၆၃	၃၅၀,၀၀၀
(ခ)	White Rice (Low Grade)	၁၄,၄၃၈	၂၉၀,၀၀၀
(ဂ)	Parboiled Rice	၂,၁၀၀	၄၂၀,၀၀၀

ပြည်တွင်း-၁၀၀%

စဉ်	အမည်	ထုတ်လုပ်မှု (MT)	ရောင်းဈေးနှုန်း ကျပ်/MT
(ဃ)	Broken Rice	၇,၀၈၈	၂၂၅,၀၀၀
(င)	Broken (By Product B12)	၁၅၇၅၀	၁၉၈,၀၀
(စ)	Broken (By Product B234)	၁၀၈၉၄	၁၉၈,၀၀
(ဆ)	Bran	၁၅၇၅၀	၉၆,၀၀၀

၈။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ဝင်ငွေ	- ကျပ်	၉၉၂၉၄.၃၀၀	သန်း
(ခ)	အသုံး စရိတ်	- ကျပ်	၉၆၄၂၉.၈၅၇	သန်း
(ဂ)	အသားတင်အမြတ်	- ကျပ်	၂၈၆၄.၄၄၃	သန်း

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ဆဋ္ဌမမြောက်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေအနေဖြင့် ဝင်ငွေခွန် မှာ ကျပ် ၉၅၄.၈၁၄သန်း ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၆ နှစ် ၇ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၂.၃၈) ရာခိုင်နှုန်း ဖြစ်ပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားထားပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး** မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင် ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိပါကြောင်း၊ အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သား အင်အား(၅၅)ဦး အလုပ် အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ် အကိုင် အခွင့် အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေ ပါကြောင်း၊ ဖော်ပြပါ မြေနေရာအား ဂုားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများ က လူမှုရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်း ကျင်အား ထိခိုက်မှုမရှိစေရန် တင်ပြထားခြင်း ကြောင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း သဘောထား ပြန်ကြား ထားပါသည်။ **နောက်ဆက်တွဲ-က**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင်ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စနစ်များအားအသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ယူပူးပေါင်းဆောင်ရွက်မှု (CSR) လုပ်ငန်းများအတွက် အသားတင် အမြတ်ငွေ၏(၂%)အား အသုံးပြုခြင်းတို့အပါအဝင် ကတိကဝတ် များနှင့် လုပ်ငန်းစီမံချက်များ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့ အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) အားဆောင်ရွက်ပြီး အစီရင်ခံစာ ပြုစုရေးသားတင်ပြရန်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်နှင့် လူတို့၏ ကျန်းမာရေးကို မထိခိုက်စေရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ်နှင့် စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ၊ စသည့်တို့

ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်နှင့် အစီရင်ခံစာအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ကြောင်း သဘောထား မှတ်ချက် ပြန်ကြား ထားပါသည်။

နောက်ဆက်တွဲ-ခ

(ဂ) **စက်မှုဝန်ကြီးဌာနမှ** အဆိုပြုလုပ်ငန်းအတွက် လျှပ်စစ်သွယ်တန်း အသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေး နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားထားပါ သည်။

နောက်ဆက်တွဲ-ဂ

(ဃ) **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ** အဆိုပြုလုပ်ငန်း အတွက်ကန့်ကွက်ရန်မရှိပါကြောင်းသဘောထားပြန်ကြားထားပါသည်။

နောက်ဆက်တွဲ-ဃ

(င) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ** တင်သွင်းမည့် စက်ယန္တရားများတွင် Husker စက်ယန္တရားများ၊ Parboilစက်ယန္တရားများ၊ အခြောက်ခံစက်(Dryer) များ အသေးစိတ်တင်ပြရန်၊ အသစ်တပ်ဆင်မည့် စက်များအတွက် Processing Chart၊ Machine Layout Plan များ အသေးစိတ် ဖော်ပြရန်၊ အသစ်တိုးချဲ့တည်ဆောက်မည့် အဆောက်အဦပုံစံအား တင်ပြပေးရန်၊ အသစ်တပ်ဆင်တည်ဆောက်မည့်စက်သည် လုံးတီးမှ စတင်ကြိတ်ခွဲရန်ဖြစ်ပါက ပေါင်းဆန်များထုတ်လုပ်ရန်အတွက် လိုအပ်သော စပါးခွံလောင်စာများကို စုဆောင်းမည့် အစီအစဉ် တင်ပြရန်၊ ခန့်ထားမည့် ဝန်ထမ်း(၅၅)အား ကြိတ်ခွဲစက်ဝန်ထမ်း၊ စီမံခန့်ခွဲမှုဝန်ထမ်း၊ ပေါင်းစက်ဝန်ထမ်း စသည်ဖြင့် ခွဲခြားပေးရန် ဖြစ်ကြောင်း သဘောထားပြန်ကြားထားပါသည်။ (ကုမ္ပဏီမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၏သဘောထားအားပြင်ဆင်တင်ပြပြီးဖြစ်ပါသည်။)

နောက်ဆက်တွဲ-င

၁၁။ ငွေရေးကြေးရေး အထောက်အထားအဖြစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်တွင် ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် အမည်ဖြင့်(၃၀-၁၂-၂၀၁၅) ရက်နေ့ဖြင့် US$ ၁၈၅,၂၃၇.၅၉ ရှိကြောင်း၊ ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်၏ MOA AOA မူကြမ်း၊ ကုမ္ပဏီမှတ်ပုံတင် အထောက်အထားများ၊ ပုံစံ၆၊ ပုံစံ၂၆ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ မှတ်ပုံတင် မိတ္တူများအား တင်ပြထားပါသည်။

၁၂။ အဆိုပြုလုပ်ငန်းသည် မီးဘေးကာကွယ်ရေးစီမံချက်၊ အလုပ်အကိုင်သစ်များ ပေါ်ပေါက် လာမည့်အခြေအနေ၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ၊ လစာခွန် ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေး စီမံချက်အစီအစဉ်နှင့် စက်ရုံမှ မီးခိုးမည်း မထွက်စေရန် စီမံချက်၊ လုပ်ငန်းသဘောသဘာဝ၊ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမည့် အစီအစဉ် များကို တင်ပြထားပါသည်။

၁၃။ ကုမ္ပဏီမှ လုပ်ငန်းလုပ်ဆောင်၍ ရရှိလာသည့် အမြတ်ငွေ၏ ၂% ကို Corporate Social Responsibility (CSR) လုပ်ငန်းတွင် ထည့်ဝင်မည်ဖြစ်ကြောင်း ဝန်ခံကတိ တင်ပြထား ပါသည်။

၁၄။ ကုမ္ပဏီမှ စက်ရုံမီးဘေးကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းလစာများ နှင့် ပတ်သက်၍ သတ်မှတ် နှုန်းထားများအတိုင်း အခွန်ပေးဆောင်မှု ကတိဝန်ခံချက်၊ ကုမ္ပဏီ၏ ခွင့်ပြုမတည် ငွေရင်း တိုးမြှင့်ခြင်းနှင့် ပတ်သက်၍ ဝန်ခံကတိပြု တင်ပြခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် ကာကွယ်မှုအစီအစဉ်၊ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တင်ပြထားပါသည်။

၁၅။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁)ပုဒ်မ ၂၀ပါ (က၊ ဂ၊ စ၊ ဆ၊ ဈ၊ ည) အရ အခွန်အကောက်ကင်းလွတ်ခွင့်(သို့မဟုတ်)သက်သာခွင့်များကိုတင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ် သည့် ၃/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၇။ ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Shwe Wah Yaung Agriculture Production Company Limited.) သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ အမှတ်(၄၆၅-က)၊ မြေဧရိယာ ၅.၂ ဧကအနက် မှ (၂.၁၂) ဧကတွင် ဆန်စပါး အခြေခံ တန်ဖိုးမြှင့်

ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြခြင်း အပေါ် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူ။
ရုံးလက်ခံ/မျှောစာတွဲ

ကုမ္ပဏီဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏ အမည်	ဒါရိုက်တာ/ အစုရှင်များ၏ ဆက်သွယ်ရန် လိပ်စာ
၁။	ရွှေဝါရောင် စိုက်ပျိုးရေး ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်	(၁) ဦးလူမော်မြင့်မောင် မန်နေဂျင်းဒါရိုက်တာ ၁၂/မဂတ(နိုင်) ၀၀၀၆၅၁	အမှတ်(ည/၇၃)၊ ယုဇနလမ်း၊ ဘုရင့်နောင်(၁)၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
		(၂) ဒေါ်မော်မော်တင့် ဒါရိုက်တာ ၁၃/လရန(နိုင်) ၀၈၃၉၆၉	အမှတ်(ည/၇၃)၊ ယုဇနလမ်း၊ ဘုရင့်နောင်(၁)၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
		(၃) ဦးသောင်းထိုက်စိုး ဒါရိုက်တာ ၁၃/မရက(နိုင်) ၁၁၁၁၄၃	အမှတ်(ည/၇၃)၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁။	ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	ဒေါ်သန့်မြတ်ဝင်း(တယ်လီဖုန်း-၀၉-၅၁၁၃၀၂၇)
၂။	ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ	-	
၃။	ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်၊ ရာထူး	-	ဦးလူမော်မြင့်မောင် (မန်နေဂျင်းဒါရိုက်တာ)
၄။	ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	ဆန်စပါး အခြေခံ တန်ဖိုးမြင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၅။	ကုမ္ပဏီမှတ်ပုံတင်အမှတ်/ နေ့စွဲ	-	၃၂၁/၂၀၀၉-၂၀၁၀(၇-၆-၂၀၀၉)
၆။	ကုမ္ပဏီမှတ်ပုံတင်ကုန်ဆုံးသည့်နေ့စွဲ	-	၁၆-၆-၂၀၁၈
၇။	ဘဏ်အမည်နှင့် ဘဏ်စာရင်းအမှတ်	-	မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်း ရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်

နောက်ဆက်တွဲ-က

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ် လ ၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက - ၂/ မ-၂၂၉/၂၀၁၆(၁၁၉)

၁။ ရွှေဝါရောင်စိုက်ပျိုးရေး ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Wah Yaung Agriculture Production Company Limited.)သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၅)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ အမှတ်(၄၆၅-က)၊ (မြေဧရိယာ ၅. ၂ ဧက) ၂၁,၀၄၃. ၆၇၂ စတုရန်းမီတာတွင် ဆန်စပါးအခြေခံ တန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံ လာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား ပုံသေလုပ်သား(၅၅)ဦး၊ နေ့စား(၇၅)ဦးတို့ အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ အမှတ်(၄၆၅-က)၊ (မြေဧရိယာ ၅. ၂ ဧက) ၂၁,၀၄၃. ၆၇၂ စတုရန်းမီတာအား ၁ နှစ်လျှင် သိန်း(၅၄၀)ကျပ်ဖြင့် နှစ်(၅၀) ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့် (၃. ၃. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၆)၏ ဆုံးဖြတ်ချက်အပိုဒ်(၄၄)အရ ရွှေဝါရောင်စိုက်ပျိုးရေးထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Shwe Wah Yaung Agriculture Production Company Limited.)၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးသစ်တောနှင့်စွမ်းအင်ဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရွှေဝါရောင်စိုက်ပျိုးရေး ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
လက်ခံစာတွဲ
မျှောစာတွဲ

D/2016/Cabinet/10.,(5)

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/MIC(OSS)/ECD/၀၁(၅၉/၁၆)
ရက် စွဲ ၊ ၂၀၁၆ခုနှစ် မတ် လ ၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ရွှေဝါရောင်စိုက်ပျိုးရေးထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ဆန်စပါးအခြေခံ တန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၂/ မ-၂၂၉/ ၂၀၁၆(၁၀၆)

၁။ ရွှေဝါရောင်စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Wah Yaung Agriculture Production Company Limited)သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ အမှတ် (၄၆၅-က)၊ မြေဧရိယာ ၅.၂၈ဧက(၂၁၀၄၃.၆၇၂ စတုရန်းမီတာ)တွင် ဆန်စပါးအခြေခံတန်ဖိုးမြှင့်ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှင့်သက်တမ်းတိုး(၁၀)နှစ်(၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၂)နှစ်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအနေဖြင့်ပထမနှစ်တွင် ၁၈၇၃၀၀မက်ထရစ်တန်မှနှစ်(၃၀)အတွင်း ၂၄၅၈၃၁မက်ထရစ်တန်အထိတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်မှုအစီအမံများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့်လုပ်ငန်းခွင်သာယာရေးအစီအမံများကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်၏(၂%)ကို လူမှုရေးဆိုင်ရာတာဝန်ယူပူးပေါင်းဆောင်ရွက်မှု (Corporate Social Responsibility - CSR)

လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်ခြင်းနှင့် ထုတ်လုပ်ခြင်းအဆင့်ဆင့်တွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စက်ကိရိယာများနှင့်နည်းပညာများကို အသုံးပြုခြင်း၊ လုပ်ငန်းခွင်အတွင်း လေကောင်းလေသန့်ရရှိစေရန်နှင့်ရေစီးရေလာကောင်းမွန်စေသည့်နည်းစနစ်များအား ထားရှိမည်ဖြစ်ကြောင်း၊ ဆန်စက်ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်များစိုက်ပျိုးသွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ ရွှေဝါရောင်စိုက်ပျိုးရေးထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ဆန်စပါးအခြေခံတန်ဖိုးမြှင့်ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများကြောင့်ထွက်ရှိလာမည့် စပါးခွံများ၊ စက်ရုံမှထွက်ရှိလာမည့် ဖွဲပြာများ၊ စွန့်ပစ်ပစ္စည်း၊ အစိုင်အခဲများ၊ စက်မောင်းဆီယိုဖိတ်မှုများ၊ စွန့်ပစ်အင်ဂျင်ဝိုင်များကို စနစ်တကျစီမံခန့်ခွဲခြင်းမပြုပါက ပတ်ဝန်းကျင်ရေထု၊ လေထုနှင့်မြေဆီလွှာထိခိုက်မှုများဖြစ်ပေါ် နိုင်ခြင်း၊ စက်ရုံပတ်ဝန်းကျင်မှထွက်ရှိလာမည့် စက်မောင်းသံများ၊ ဆူညံသံများ၊ ဖုန်မှုန့်အမှုန်အမွှားများ၊ မီးခိုးများနှင့်ဖွဲပြာများကြောင့် ပတ်ဝန်းကျင်ပြည်သူများအားအနှောက်အယှက်ဖြစ်စေသည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရွှေဝါရောင်စိုက်ပျိုးရေးထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ဆန်စပါးအခြေခံတန်ဖိုးမြှင့်ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကိုလျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီးလုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့်လူမှုရေးဆိုင်ရာတာဝန်ယူပူးပေါင်းဆောင်ရွက်မှု(Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)အား အသုံးပြုခြင်းတို့အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး(သို့

မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA)အားဆောင်ရွက်ပြီး အစီရင်ခံစာပြုစုရေးသားတင်ပြရန်။

(ဂ) လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့် လူတို့၏ကျန်းမာရေးကို မထိခိုက်စေရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)အား ရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁-စမ(၂) ၂၀၁၅-၂၀၁၆ (၃၉၈၁)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၄.၂.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၂/ မ-၂၂၉ / ၂၀၁၆ (၁၁၈)

၁။ Shwe Wah Yaung Agriculture Production Co.,Ltd. မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၅)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ အမှတ်(၄၆၅-က)တွင် ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုများကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Shwe Wah Yaung Agriculture Production Co.,Ltd. မှ ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း

ဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၁၅.၂.၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

၁၃၉ ၅၅
24/2/16

နောက်ဆက်တွဲ-ဃ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်း ၆၅-၆၇-၄၁၀၄၁၁
ဖက်(စ်) ၆၅-၆၇-၄၁၀၅၈၁
Email: dydgdoa@gmail.com

ညွှန်ကြားရေးမှူးချုပ်
ဖုန်း : ၆၅-၆၇-၄၁၀၁၃၉
ဖက်စ် : ၆၅-၆၇-၄၁၀၁၃၈

စာအမှတ်၊ စမ/အထွေထွေ/၂၀၁၆ (၄၇၁)
ရက်စွဲ ၊ ၂၀၁၆ခုနှစ်၊ဖေဖော်ဝါရီလ(၁၅)ရက်။

၁၄၉၈
25/2

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း။**

ရည် ညွှန်း ချက် ။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄.၂.၂၀၁၆) ရက်စွဲပါစာအမှတ်- ၇က-၂/မ-၂၂၉/၂၀၁၆(၁၀၆)

၁။ အထက်ဖော်ပြပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ရွှေဝါရောင် စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Wah Yaung Agriculture Production Company Limited) သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ အမှတ်(၄၆၅-က)၊ (မြေဧရိယာ ၅.၂၈ဧက) ၂၁၀၄၃.၆၇၂ စတုရန်းမီတာတွင် ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးလူမော်မြင့်မောင် (အဘ- ဦးမြင့်မောင်) မှ အဆိုပြု တင်ပြချက်အပေါ် သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် ဌာနဆိုင်ရာများမှ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာပါသည်။

၂။ အဆိုပါ ကုမ္ပဏီသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် အထက်ဖော်ပြပါ မြေဧရိယာ (၅.၂) ဧက အနက်မှ (၂.၁၂) ဧက ရှိ မြေကွက်ပေါ်တွင် ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန် တင်ပြခြင်းဖြစ်ပြီး လျှောက်ထားသည့် မြေ၏ အခြားတစ်ဖက်တွင်လည်း လက်ရှိ ဆန်စပါး အခြေခံ တန်ဘိုးမြှင့်ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပြီး အဆိုပါ ကုမ္ပဏီ၏ (၂.၁၂) ဧက လျှောက်ထားမှု၊ နိုင်ငံတော်၏ အကျိုးအမြတ်ရရှိမှုအား တင်ပြထားမှု၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်းဝန်ခံချက်နှင့် အဆိုပြုမြေနေရာနှင့် ပါတ်သက်၍ ကန့်ကွက်ရန် မရှိပါကြောင်း လက်ရှိဆောင်ရွက်နေသော မြေနေရာမှတ်တမ်းဓါတ်ပုံတို့အား ဆက်လက်ဆောင်ရွက်နိုင်ပါရန် ဤစာနှင့် အတူ ပူးတွဲပေးပို့ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(အေးကိုကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)
စိုက်ပျိုးရေးဦးစီးဌာန

မိတ္တူကို
- ညွှန်ကြားရေးမှူးချုပ်(ရုံး)၊ စိုက်ပျိုးရေးဦးစီးဌာန။
- ရုံးလက်ခံ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

MIC, 84
1912

NPT-583
18.2.2016

စာအမှတ်၊ စက - ၁၄/ ၂(၁) - ၄၉ /၂၀၁၆ (၁)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၄ - ၂ - ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက - ၂ / မ - ၂၂၉/ ၂၀၁၆ (၁၁၇)

၁။ ရွှေဝါရောင်စိုက်ပျိုးရေးထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Wah Yaung Agriculture Production Company Limited) သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ အမှတ် (၄၆၅-က)၊ (မြေဧရိယာ ၅.၂ ဧက) ၂၁,၀၄၃.၆၇၂စတုရန်းမီတာတွင် ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ ဦးလှမော်မြင့်မောင်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာပါသဖြင့် အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်း အကြောင်းကြားလာပါသည်။

၂။ မြန်မာနိုင်ငံသားကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေဝါရောင် စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Wah Yaung Agriculture Production Company Limited) သည် စပါးဝယ်ခြင်း၊ သိုလှောင်ခြင်း၊ အခြောက်ခံခြင်း၊ စပါးများ ပြုတ်ပေါင်းခြင်း၊ ဆန်စက် ယူနစ်များ ဝယ်ယူတပ်ဆင်ခြင်း၊ ပေါင်းစက်ယူနစ်များ ဝယ်ယူတပ်ဆင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ကုန်ချောများ၏ ၈၀% ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊ ၂၀% ကို ပြည်တွင်းတွင် ရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက် လုပ်ကိုင်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အဆိုပြုတင်ပြချက်ဖြစ်သည့် ဆန်စပါးအခြေခံတန်ဖိုးမြှင့် ဆန်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတစ်ခုဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၃။ အဆိုပြုတင်ပြချက်တွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းတင်ပြသင့်ကြောင်း စိစစ်တွေ့ရှိရပါသည် -

(က) တင်သွင်းမည့် စက်ယူနစ်များတွင် Husker စက်ယူနစ်များ၊ Parboil စက်ယူနစ်များ၊ အခြောက်ခံစက် (Dryer) များ၊ ထည့်သွင်းတင်ပြထားမှု မရှိကြောင်းတွေ့ရှိရသည့်အတွက် အဆိုပြုတင်ပြလွှာတွင် အသေးစိတ်တင်ပြရန် လိုအပ်ပါသည်။

(ခ) အသစ်တပ်ဆင်တည်ဆောက်မည့် စက်များအတွက် Processing Chart ၊ Machine Layout Plan များ အသေးစိတ် ဖော်ပြရန် လိုအပ်ပါသည်။

(ဂ) အသစ်တိုးချဲ့တည်ဆောက်မည့် အဆောက်အဦပုံစံအား တင်ပြပေးရန် လိုအပ်ပါသည်။

(ဃ) အသစ်တပ်ဆင် တည်ဆောက်မည့် စက်သည် လုံးတီးမှ စတင်ကြိတ်ခွဲရန်ဖြစ်ပါက ပေါင်းဆန်များ ထုတ်လုပ်ရန်အတွက် လိုအပ်သော စပါးခွံလောင်စာများကို မည်ကဲ့သို့ စုဆောင်းမည့် အစီအစဉ်များကို ထည့်သွင်းတင်ပြပေးရန် လိုအပ်ပါသည်။

(င) အဆိုပါ လုပ်ငန်းတွင် နိုင်ငံသား ဝန်ထမ်း (၅၀) ဦးအား ခန့်အပ်ဆောင်ရွက်မည်ဟု တင်ပြထားသော်လည်း ကြိတ်ခွဲစက် ဝန်ထမ်း၊ စီမံခန့်ခွဲမှုဝန်ထမ်း၊ ပေါင်းစက် ဝန်ထမ်းများ စသည်ဖြင့် ခွဲခြားတင်ပြသင့်ပါသည်။

၄။ ရွှေဝါရောင် စိုက်ပျိုးရေးထုတ်လုပ်မှု ကုမ္ပဏီလီမိတက် အနေဖြင့် အဆိုပြုတင်ပြချက်တွင် မိမိဆောင်ရွက်မည့် လုပ်ငန်းနှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအမံများ၊ ဝန်ထမ်းသက်သာချောင်ချိရေးအစီအမံများ၊ CSR လူမှုဘဝ သာယာ ဝပြောရေး အစီအမံများ ပြည့်စုံစွာ တင်ပြထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေဝါရောင်စိုက်ပျိုးရေးထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Shwe Wah Yaung Agriculture Prodution Company Limited) မှ ဆန် စပါးအခြေခံတန်ဖိုးမြင့် ဆန်ထုတ်လုပ်ရောင်းချခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူ များအလုပ်အကိုင်ရရှိခြင်း၊ ဆန်စပါးအခြေခံကုန်ထုတ်လုပ်မှု နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာ နိုင်ခြင်း၊ နိုင်ငံခြားဝင်ငွေ တိုးတက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သီးခြားသဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

7/12

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(တိုးအောင်မြင့်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန

ကုမ္ပဏီအမည် - Royal Swiftlet Co., Ltd.
ရွှင်ရယ်ဆွစ်(ဖ)လက် ကုမ္ပဏီ လီမိတက်

လုပ်ငန်း - CMP စနစ်ဖြင့် ငှက်သိုက်သန့်စင်ခြင်း လုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၃၀-၁၂-၂၀၁၅		
၂	PAT တင်ပြခြင်း	၁၁-၁-၂၀၁၆		
၃	PAT လက်ခံကြောင်းပြန်ကြားခြင်း	၁၂-၁-၂၀၁၆		
၄	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး	၂၁-၁-၂၀၁၆	၁၇-၂-၂၀၁၆	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၂၁-၁-၂၀၁၆	၂၉-၁-၂၀၁၆	
	(ဂ) စက်မှုဝန်ကြီးဌာန	၂၁-၁-၂၀၁၆	၅-၂-၂၀၁၆	
	(ဃ) ကျန်းမာရေး	၂၁-၁-၂၀၁၆	၂၂-၂-၂၀၁၆	
၅	အဆိုပြုလုပ်ငန်းအားမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခြင်း			
	စုစုပေါင်းကြာမြင့်ချိန်	၇၈ ရက်		

ကုမ္ပဏီအမည် - ရှိုင်ရယ်ဆွစ်(ဖ)လက် ကုမ္ပဏီ လီမိတက်
အဖွဲ့အစည်းပုံသဏ္ဍာန် - မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား - CMP စနစ်ဖြင့် ၄က်သိုက်သန့်စင်ခြင်း လုပ်ငန်း
တည်နေရာ - မြေကွက်အမှတ်(၁၂၇)၊ သံချပ်ဝန်ဦးမြူလမ်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၊ရန်ကုန်တိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - ကျပ် ၂၀၀.၀၀ သန်း
ရောင်းချမည့်စနစ် - ပြည်ပရောင်း (၁၀၀ %)
လုပ်ငန်းသက်တမ်း - ကနဦး ၃၀ နှစ် နှင့် နောက်ထပ် (၁၀) နှစ် သက်တမ်းတိုးနှစ်ကြိမ်
အရင်းကြေကာလ - ၃ နှစ် ၁၁ လ
IRR - ၂၃ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၂.၁၆ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		ကျပ် ၁.၁၆၅ သန်း
၃	ဝင်ငွေခွန်	ကျပ် ၅၅.၁၆၈ သန်း	ကျပ် ၇၃.၅ သန်း
၄	ရေ၊ လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၁၂၆ သန်း
၅	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်းနှစ်ဆယ် ထက်ကျော်ပါကအခွန်ပေးရမည့်ဝန်ထမ်း (၁၁၀)ဦး
၆	CSR (၂ %)		ကျပ် ၅.၆၉ သန်း
၇	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၁၁၀ ဦး ပြည်တွင်းလုပ်သား (၁၁၀) ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေပါသည်။
		ကျပ် ၅၇.၃၂၈ သန်း	ကျပ် ၂၀၆.၃၅၅ သန်း
	Cost & Benefit	၁ : ၄	

အကြောင်းအရာ။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရွှိုင်ရယ်ဆွစ်(ဖ)လက် ကုမ္ပဏီ လီမိတက် (Royal Swiftlet Co., Ltd.) မှ CMP စနစ်ဖြင့် ငှက်သိုက်သန့်စင်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်း ကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- ရွှိုင်ရယ်ဆွစ်(ဖ)လက် ကုမ္ပဏီ လီမိတက် (Royal Swiftlet Co., Ltd.) - ဒေါ်အေးအေးသက်(အဘ-ဦးအောင်မြင့်) (မန်နေဂျင်းဒါရိုက်တာ)
	အဖွဲ့အစည်းပုံသဏ္ဌာန်	- ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
	လုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် ငှက်သိုက်သန့်စင်ခြင်း လုပ်ငန်း
၂။	လုပ်ငန်းတည်နေရာ/	မြေကွက်အမှတ်(၁၂၇)၊ သံချပ်ဝန်ဦးမြူလမ်း၊ ဒဂုံဆိပ်ကမ်း စက်မှုဇုံ၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဒေါ်အေးအေးသက်
	မြေအကျယ်အဝန်း	- မြေဧက(၁.၉၆၉) ဧကအနက် (၀.၁၂၆) ဧကပေါ်ရှိမြေနှင့် အဆောက်အဦ
၃။	မြေငှားသက်တမ်း	- ကနဦး ၃၀ နှစ် (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုးခွင့်
	နှစ်စဉ်မြေငှားရမ်းခ	- တစ်နှစ်လျှင် ကျပ် ၁၂,၅၀၀,၀၀၀
	တည်ဆောက်ရေးကာလ	- ၃ လ
၄။	လုပ်ငန်းသက်တမ်း	- ကနဦး ၃၀ နှစ် (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုးခွင့်
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- **ကျပ် ၂၀၀.၀၀သန်း**
၆။	ဝန်ထမ်းအင်အား	- **၁၁၀ ဦး**
	ပြည်တွင်း	- **၁၁၀ ဦး**(ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာ ၁၂၅,၀၀၀ ကျပ်နှင့်အမြင့်ဆုံးလစာ ၅,၀၀၀,၀၀၀ ကျပ်)
၇။	ရောင်းချမည့်စနစ်	- ပြည်ပ - ၁၀၀ %
၈။	နှစ်စဉ်ထုတ်လုပ်မှု (ပုံမှန်နှစ်) CMP စနစ်	**အမျိုးအမည်** / **ထုတ်လုပ်မှု အမျိုးအစား (Kg)** / **CMP လက်ခ ဈေးနှုန်း (US$/Kg)** Birdnest / ၁၆၅၀ / ၃၀၀.၀၀
၉။	(၆ နှစ်မြောက်)ဝင်ငွေ	- ကျပ် ၄၉၅.၀၀ သန်း
	အသုံးစရိတ်	- ကျပ် ၄၆၃.၅၀ သန်း
	အသားတင်အမြတ်	- ကျပ် ၃၁.၅၀ သန်း

၁၀။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်	
	ဝင်ငွေခွန်	- ကျပ် ၁၀.၅၀ သန်း
	အရင်းကြေကာလ	- ၃ နှစ် ၁၁ လ
	အရင်းအနှီးအပေါ်အကျိုး အမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၃ %
၁၁။	လျှပ်စစ်ဓါတ်အားလိုအပ်ချက်	- ၁၄၁၆၀၀ Kwh
	ငွေကြေးအထောက်အထား	- ငွေကြေးအထောက်အထားအဖြစ် ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်အေးအေးသက်အမည်ဖြင့်ကမ္ဘောဇဘဏ်တွင် (၁၅-၅-၂၀၁၅) ရက်နေ့အထိ ကျပ်(၅၇.၇၅) သန်း ရှိကြောင်းနှင့် ဒါရိုက်တာ ဒေါ်စိုးစိုးမာအမည်ဖြင့် (၂၀-၅-၂၀၁၅) ရက်စွဲဖြင့် ကျပ် (၂၇.၈၉) သန်း ရှိကြောင်း တင်ပြထားပါသည်။
၁၂။	အခြားတင်ပြချက်	- ကုမ္ပဏီမှ တင်ပြထားသော မြေနှင့်စပ်လျဉ်း၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးအေးသက်အမည်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသော မြေကို ကုမ္ပဏီမှ ငှားရမ်းမည်ဖြစ်ပြီး မြေငှားစာချုပ်ကို တင်ပြထားပါသည်။ - ဝန်ထမ်းများ၏ ဝင်ငွေခွန်ပေးဆောင်ရေး နှင့် စပ်လျဉ်း၍ ဝန်ခံကတိ တင်ပြထား ပါသည်။ - မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက် တင်ပြထားပါသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် လုပ်ငန်းစီမံချက် တင်ပြထားပါသည်။ - လုပ်ငန်းခွင်သာယာရေး နှင့် လုပ်သားများသက်သာချောင်ချိရေးအတွက် စီမံချက်လည်း တင်ပြ ထားပါသည်။ - အဆောက်အဦဓါတ်ပုံ တင်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက - ၂/ မ- ၂၂၈/ ၂၀၁၆(၂၄၄)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် မတ်လ ၁၅ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ရွိုင်ရယ်ဆွစ်(ဖ)လက် ကုမ္ပဏီလီမိတက် (Royal Swiftlet Co., Ltd.) မှ CMP စနစ်ဖြင့် ငှက်သိုက်သန့်စင်ခြင်း လုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်း ကိစ္စ**

၁။ ရွိုင်ရယ်ဆွစ်(ဖ)လက် ကုမ္ပဏီ လီမိတက် (Royal Swiftlet Co., Ltd.) သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုံ၊ သံချပ်ဝန်ဦးမြလမ်း၊ မြေကွက်အမှတ် (၁၂၇)ရှိ မြေ (၁.၉၆၉) ဧက အနက် မြေ (၀.၁၂၆) ဧကတွင် CMP စနစ်ဖြင့် ငှက်သိုက်သန့်စင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ အဆိုပြု တင်ပြလာပါသည်။

၂။ လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာမှာ (၁.၉၆၉) ဧက အနက် (၀.၁၂၆) ဧက ရှိမြေနှင့်၎င်းမြေပေါ်ရှိ အဆောက်အဦ အားငှားရမ်း၍ မြေနှင့်အဆောက်အဦး ငှားရမ်းခမှာ တစ်နှစ်လျှင် ကျပ် ၁၂,၅၀၀,၀၀၀ ဖြစ်ပါသည်။ မြေ ငှားရမ်းသက်တမ်းမှာ ကနဦး ၃၀ နှစ် နှင့် ၁၀ နှစ် နှစ်ကြိမ် သက်တမ်းတိုးမည်ဖြစ်ပါသည်။ မြေမှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးအေးသက် အမည်ဖြင့် လုပ်ကိုင်ခွင့် ရရှိထားသော မြေကို ကုမ္ပဏီမှ ငှားရမ်းမည်ဖြစ်ပြီး မြေငှားစာချုပ်ကို တင်ပြထားပါသည်။

၃။ လုပ်ငန်းစီမံကိန်း ကာလမှာ ကနဦး ၃၀ နှစ်နှင့် သက်တမ်းတိုး ၁၀နှစ် နှစ်ကြိမ် ဖြစ်ပြီး၊ တည်ဆောက်ရေးကာလ ၃ လ ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၂၀၀.၀၀ သန်းဖြစ်ပါသည်။

၅။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်းဦးရေ (၁၁၀)ဦးဖြစ်ပြီး ပြည်တွင်း ဝန်ထမ်း၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၂၅,၀၀၀ နှင့် အမြင့်ဆုံး လစာမှာ ကျပ် ၅,၀၀၀,၀၀၀ ဖြစ်ပါသည်။

၆။ အဆိုပြုလုပ်ငန်းမှ ထုတ်ကုန်များကို ပြည်ပတွင်(၁၀၀%) ရောင်းချမည် ဖြစ်ပါသည်။ နှစ်စဉ်ထုတ်လုပ်မှု ပုံမှန်နှစ် (၆နှစ်မြောက်) နှင့် CMP လက်ခ ဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမျိုးအမည်	ထုတ်လုပ်မှု အရေအတွက် (Kg)	CMP လက်ခ ဈေးနှုန်း (US$/Kg)
Birdnest	၁၆၅၀	၃၀၀.၀၀

၇။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေ နှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ဝင်ငွေ	-	ကျပ်	၄၉၅.၀၀	သန်း
(ခ)	အသုံး စရိတ်	-	ကျပ်	၄၆၃.၅၀	သန်း
(ဂ)	အသားတင်အမြတ်	-	ကျပ်	၃၁.၅၀	သန်း

၈။ နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၁၀.၅၀ သန်း ဖြစ်ပါသည်။

၉။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၃)နှစ် (၁၁) လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၃) ရာခိုင်နှုန်း ဖြစ်ပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြား ထားပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင် ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိပါ ကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ပါက ပြည်တွင်းလုပ်သား အင်အား(၁၁၀)ဦး အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်း နှင့် ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ သံချပ်ဝန်ဦးမြလမ်း၊ မြေကွက်အမှတ်(၁၂၇)ရှိ မြေဧရိယာ

(၁.၉၆၆၉)ဧကအနက်မှ ၀.၁၂၆ ဧက (၅၀၉.၉၀၄ စတုရန်းမီတာ)အား တစ်နှစ်လျှင် (၁၂၅)သိန်း (1sqft=2272 kyat, 1sqm=24465 kyat)နှုန်းဖြင့် ကနဦး(၃၀)နှစ်၊ နှစ်တိုး(၁၅)နှစ်(၂)ကြိမ် ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံ များက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြု လုပ်ငန်း လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမရှိစေရန် စီမံ ဆောင်ရွက်မည်ဟု တင်ပြထားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက် မှုအားခွင့်ပြုသင့်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-က**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** မှအဆိုပြုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်ပျက်စီးမှုများကို ရှောင်ရှားနိုင်စေရန်အတွက် လုပ်ငန်းအစီအမံများ၊ စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးစီမံချက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြပါရှိသည့် လူမှုရေးဆိုင်ရာ တာဝန်ခံ ဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင် အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်းတို့ အပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းပညာများ၊ နည်းလမ်းများကိုအသုံးပြုရန်၊ လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် နှင့် လူတို့၏ ကျန်းမာရေးကိုမထိခိုက်စေရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်၊စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်များ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမည့်အစီအစဉ် ၊သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental ManangementPlan-EMP)ကို ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာ တိုင်း/ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံ

ပြည်သူများ၏ ဆန္ဒနှင့်သဘောထားရယူ ဆောင်ရွက်ရန်ဖြစ်ကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-ခ**

(ဂ) **စက်မှုဝန်ကြီးဌာနမှ** အဆိုပြုလုပ်ငန်းအတွက် လျှပ်စစ်သွယ်တန်း အသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မီးဘေး အန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး တို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ စိစစ်ချက်နှင့် သဘောထားမှတ်ချက် ရရှိရန် လိုအပ်ပါကြောင်း၊ ကုန်ကြမ်း ပစ္စည်းများအား ပြည်ပမှ မှာယူ၍ ပြည်တွင်းတွင် သန့်စင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည် တင်ပို့မည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းအင်အား သင့်လျော်မှုရှိပြီး ပြည်ပမှ စက်ပစ္စည်းများ တင်သွင်းမှု မရှိပါကြောင်း နှင့် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားပြန်ကြားထား ပါ သည်။ **နောက်ဆက်တွဲ-ဂ**

(ဃ) **ကျန်းမာရေးဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်း နှင့် စပ်လျဉ်း၍ ငှက်သိုက် သန့်စင်ခြင်းလုပ်ငန်းသည် ပတ်ဝန်းကျင်နှင့်လူတို့၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်မှု မရှိနိုင်သော်လည်း၊ ရံဖန်ရံခါဖြစ်ပွားတတ်သည့် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါ များ (emerging infectious diseases)ဥပမာ-ကြက်၊ငှက်တုပ်ကွေးရောဂါ (Bird Flu)မှာ လုပ်သားများမှတစ်ဆင့် ပြည်သူလူထုကို ကူးစက်နိုင်သည့်အတွက် ထိုရောဂါများအား နားလည်တတ်ကျွမ်းသည့် ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ သူနာပြုတို့သည် အဆိုပါရောဂါကို စဉ်ဆက်မပြတ်စောင့်ကြည့်ရန် လိုအပ်ပါကြောင်းနှင့် ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုရန် အစီအစဉ်ကိုEnvironmental Management Planတွင် ထည့်သွင်းရေးဆွဲထားရန် လိုအပ်ပါကြောင်း၊ ၄င်းအပြင် လုပ်ငန်းခွင် ဆေးခန်း ထားရှိကာ လုပ်သားများ၏ လုပ်ငန်းခွင်ကျန်းမာရေးကို အထူးအလေးပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ငှက်သိုက်သန့်စင်ခြင်းကို CMP စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ပြည်ပသို့ ၁၀၀% ပြန်လည်တင်ပို့မည်ဟု သုံးသပ်ရသဖြင့် ပြည်တွင်းတွင် ရောင်းချခြင်း မရှိပါက သီးခြားသဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်း သဘောထား ပြန်ကြား ထားပါသည်။ **နောက်ဆက်တွဲ-ဃ**

၁၁။ ငွေရေးကြေးရေး အထောက်အထားအဖြစ် Royal Swiftlet Company Limited သည် ဒေါ်အေးအေးသက်အမည်ဖြင့် ကမ္ဘောဇဘဏ် တွင်(၂၀-၅-၂၀၁၅) ရက်စွဲဖြင့် ငွေစာရင်း လက်ကျန် ၂၀၀.၀၀ သန်းရှိကြောင်း Royal Swiftlet Company Limited ၏ MOA AOA မူကြမ်း၊ ကုမ္ပဏီ မှတ်ပုံတင် အထောက်အထားများ၊ ပုံစံ၆၊ ပုံစံ၂၆ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ မှတ်ပုံတင် မိတ္တူများအား တင်ပြထားပါသည်။

၁၂။ အဆိုပြုလုပ်ငန်းသည် မီးဘေးကာကွယ်ရေးစီမံချက်၊ အလုပ်အကိုင်သစ်များ ပေါ်ပေါက် လာမည့်အခြေအနေ၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက်နှင့် ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များ၊ လစာခွန် ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေး စီမံချက်အစီအစဉ်နှင့် လုပ်ငန်း သဘော သဘာဝ၊ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမည့် အစီအစဉ် များကို တင်ပြထားပါသည်။

၁၃။ ကုမ္ပဏီမှ လုပ်ငန်းလုပ်ဆောင်၍ ရရှိလာသည့် အမြတ်ငွေ၏ ၂% ကို Cooperate Social Responsibility (CSR) လုပ်ငန်းတွင် ထည့်ဝင်မည်ဖြစ်ကြောင်း ဝန်ခံကတိ တင်ပြထား ပါသည်။

၁၄။ ကုမ္ပဏီမှ စက်ရုံမီးဘေးကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းလစာများ နှင့် ပတ်သက်၍ သတ်မှတ် နှုန်းထားများအတိုင်း အခွန်ပေးဆောင်မှု ကတိဝန်ခံချက်၊ ကုမ္ပဏီ၏ ခွင့်ပြုမတည် ငွေရင်း တိုးမြှင့်ခြင်းနှင့် ပတ်သက်၍ ဝန်ခံကတိပြု တင်ပြခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် ကာကွယ်မှုအစီအစဉ်၊ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တင်ပြထားပါသည်။

၁၅။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၂၀ပါ (က၊ ဂ၊ စ၊ ဆ၊ ဇ၊ ည) အရ အခွန်အကောက်ကင်းလွတ်ခွင့်(သို့မဟုတ်)သက်သာခွင့်များကိုတင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့ တွင် ကျင်းပ ပြုလုပ်သည့် ၂/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၇။ ရွှိုင်ရယ်ဆွစ်(ဖ)လက် ကုမ္ပဏီ လီမိတက် (Royal Swiftlet Co., Ltd.) သည် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုံ၊ သံချပ်ဝန်ဦးမြူလမ်း၊ မြေကွက်အမှတ် (၁၂၇) ရှိ မြေ (၁.၉၆၉) ဧကအနက် မြေ (၀.၁၂၆) ဧကတွင် CMP စနစ်ဖြင့် ငှက်သိုက်သန့်စင်ခြင်း

လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်း အပေါ် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊အတွင်းရေးမှူး)

မိတ္တူ

ရုံးလက်ခံ/မျှောစာတွဲ

ကုမ္ပဏီဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏ အမည်	ဒါရိုက်တာ/ အစုရှင်များ၏ ဆက်သွယ်ရန် လိပ်စာ
၁။	Royal Swiftlet Co., Ltd.	(၁) ဒေါ်အေးအေးသက် မန်နေဂျင်းဒါရိုက်တာ ၁၂/ဥကတ(နိုင်)၁၃၄၅၁၃	အမှတ်-၈၄၆၇-ဘီရပ်ကွက်၊ ရတနာ အဆင့်မြင့်အိမ်ရာ (၁)၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		(၂) ဒေါ်စိုးစိုးမာ ဒါရိုက်တာ ၅/မရန(နိုင်)၀၁၇၉၇၆	အမှတ်-၄၈၃၊နွယ်နီ(၁၃)လမ်း၊ (င)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁။	ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	၀၉၇၈၉၆၂၄၆၅၈ ၊ ၀၉၂၅၀၇၇၄၇၇၉
၂။	ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ	-	အမှတ်-၈၄၆၇-ဘီ ရပ်ကွက်၊ ရတနာအဆင့်မြင့်အိမ်ရာ(၁)၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃။	ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်၊ ရာထူး	-	ဒေါ်စိုးစိုးမာ(ဒါရိုက်တာ)
၄။	ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	CMP စနစ်ဖြင့် ငှက်သိုက်သန့်စင်ခြင်း လုပ်ငန်း
၅။	ကုမ္ပဏီမှတ်ပုံတင်အမှတ်/ နေ့စွဲ	-	၆၀၆၁/၂၀၁၄-၂၀၁၅(၁၇-၃-၂၀၁၅)
၆။	ကုမ္ပဏီမှတ်ပုံတင်ကုန်ဆုံးသည့်နေ့စွဲ	-	၁၆-၃-၂၀၂၀
၇။	ဘဏ်အမည်နှင့် ဘဏ်စာရင်းအမှတ်	-	ကမ္ဘောဇဘဏ်